Message Two

## ဘုရားသခင်၏စီမံကိန်း၌ ဘုရားသခင်၏ကျေးဇူးတော်ကို တွေ့ကြုံခံစားခြင်း

ဖတ်ရန်ကျမ်း။ ။ ဧ၊၁း၁၀။ ၃း၉။ ၁တိ၊၁း၄။ ဂလ၊၆း၁၈။ ၁ကော၊၁၅း၁၀။ ၂ပေ၊၃း၁၈က

**I. ဘုရားသခင်၏ ထာဝရစီမံကိန်းမှာ သုံးပါးတစ်ပါးဘုရားက လူတစ်စုကို ရယူကာ၊ သူတို့အထဲသို့ မိမိကိုယ်တော်တိုင်ကို သူတို့၏ အသက်နှင့် အရာခပ်သိမ်းအဖြစ် ဝေငှဖြန့်ဖြူးနိုင်ရန်ဖြစ်သည်၊ သို့မှသာ သူတို့သည် ကိုယ်တော်ထံသို့ တစ်လုံးတစ်ဝတည်း အဖြစ် ပေါင်းစည်းဆက်နွယ်၍၊ ကိုယ်တော်နှင့် ဖြည့်ခံရခြင်း၊ လွှမ်းမိုးသိမ်းပိုက်ခံရခြင်းရှိလျက်၊ ကိုယ်တော်၏စုပေါင်းထင် ရှားခြင်းအတွက် အသင်းတော်ဖြစ်သော ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်ရန် မြေကြီးပေါ်ကိုယ်တော်နှင့် တစ်ခုတည်းသောထုံး ဖွဲ့မှုဖြစ်လာနိုင်ကြမည်ဖြစ်သည် - ဧ၊၁း၃-၂၃။**

A. ဘုရားသခင်၏ ထာဝရစီမံကိန်းမှာ ကျမ်းစာတစ်ခုလုံး၏ အလယ်ဗဟိုလမ်းကြောင်း ဖြစ်သည် - အငယ်၊၁၀။ ၃း၉။

B. ကျမ်းစာကို အနက်ဖွင့်ဆိုခြင်းသည် ဤအလယ်ဗဟိုလမ်းကြောင်းနှင့်အတူ ၎င်း၏အလင်းထွန်းလင်းမှုအောက်တွင်ရှိခြင်း အားဖြင့် တင်းကျပ်စွာ အုပ်စိုးမှု ခံရမည်ဖြစ်သည် - လု၊၂၄း၂၇၊ ၃၂၊ ၄၄။

C. ဗဟိုပြုထားခြင်း၊ အလေးအနက်ထားခြင်းနှင့် အမှုဆောင်ခြင်း ရှိရမည့် တစ်ခုတည်းသောအရာမှာ ဘုရားသခင်၏ ဓမ္မသစ် စီမံကိန်းဖြစ်သည် - ၁တိ၊၁း၄။

D. ခရစ်ယာန်အသက်တာသည် ဘုရားသခင်၏စီမံကိန်းအတွက်ဖြစ်သော အသက်တာဖြစ်သည် - ၂ကော၊၅း၁၄-၁၅။

**II. "ငါတို့သခင် ယေရှုခရစ်၏ ကျေးဇူးတော်သည် သင်တို့၏ ဝိညာဉ်နှင့်အတူ ရှိစေသတည်း" - ဂလ၊၆း၁၈။**

A. ဘုရားသခင့်စီမံကိန်း၏ အမှတ်လက္ခဏာမှာ ယနေ့ ခရစ်တော်သည် ကျွန်ုပ်တို့၏ဝိညာဉ်၌ ဘုရားသခင်၏ ကျေးဇူးတော် ဖြစ်ခြင်းပင် ဖြစ်သည် - အငယ်၊၁၈။

1. ဝိညာဉ်တော်ကိန်းဝပ်နေသော ကျွန်ုပ်တို့၏ အသစ်မွေးဖွားခံရသည့်ဝိညာဉ်သည် ဘုရားသခင်ကတိထားတော်မူသည့် ကောင်းချီးမင်္ဂလာ၏ ဗဟိုအချက်အချာဖြစ်သည် - ယော၊၃း၆။ ရော၊၈း၁၀။ ၁၅း၂၉။ ဧ၊၁း၃။

2. ကျွန်ုပ်တို့သည် အရာအားလုံးပါဝင်သော ဝိညာဉ်တော်၏ ကြွယ်ဝရက်ရောစွာမစမှုဖြစ်သည့် သခင်ဘုရား၏ကျေးဇူး တော်ကို ကျွန်ုပ်တို့၏ ဝိညာဉ်နှင့်အတူရှိစေရန် လိုအပ်သည် - ဖိ၊၁း၁၉။ ၂တိ၊၄း၂၂။

B. ယေရှုခရစ်၏ ကျေးဇူးတော်သည် (သားတော်၌ ကိုယ်ထင်ရှား၍ အသက်ပေးသော ဝိညာဉ်တော်အဖြစ် သိနားလည်ရသော) သုံးပါးတစ်ပါးဘုရား၏ ကြွယ်ဝရက်ရောစွာမစမှု ဖြစ်ပြီး၊ ကျွန်ုပ်တို့၏လူသားဝိညာဉ်ကို လေ့ကျင့်ခြင်းမှတစ်ဆင့် ကျွန်ုပ်တို့ မွေ့လျော်ဝမ်းမြောက်ရခြင်းဖြစ်သည် - ယော၊၁း၁၄။ ၁ကော၊၁၅း၄၅ခ။ ၂တိ၊၄း၂၂။ ဖိလေ ၂၅။

1. ကျေးဇူးတော်သည် ခမည်းတော်ဘုရားသခင်က သားတော်၌ ကိုယ်ထင်ရှား၍ ဝိညာဉ်တော်အဖြစ် သိနားလည်ရခြင်း ဖြစ်သည်။ အဆုံးစွန်အနေဖြင့် ဝိညာဉ်တော်သည် ကျေးဇူးတော်ဖြစ်သည် - ဟေဗြဲ၊၁၀း၂၉။

2. သုံးပါးတစ်ပါးဘုရား၏ အဆုံးစွန် ပြီးမြောက်ပြည့်စုံခြင်းဖြစ်သော ဤကျေးဇူးတော်သည် ယခု ကျွန်ုပ်တို့၏ ဝိညာဉ်၌ ကိန်းဝပ်နေသည် - ဖိ၊၄း၂၃။

3. ကျွန်ုပ်တို့၏ဝိညာဉ်သည် ကျွန်ုပ်တို့က ကျေးဇူးတော်ကို တွေ့ကြုံခံစားနိုင်ရာ တစ်ခုတည်းသောနေရာဖြစ်သည် - ၂တိ၊ ၄း၂၂။

4. ကျေးဇူးတော်ကို လက်ခံရရှိရန်နှင့် မွေ့လျော်ရန်အလို့ငှာ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဝိညာဉ်ထံသို့ လှည့်ပြန်၍ ထိုနေ ရာတွင် တည်နေရန်၊ သခင်ဘုရားကို ဦးခေါင်းနှင့် ရှင်ဘုရင်အဖြစ် သိနားလည်ရန်၊ ကိုယ်တော်၏အဆင့်ရာထူးကို လေး စားတန်ဖိုးထားရန်၊ ကိုယ်တော်၏အခွင့်အာဏာကို ရိုသေလေးမြတ်ရန်၊ ကျေးဇူးတော်ပလ္လင်သည် ကျွန်ုပ်တို့၏ဝိညာဉ် ၌ရှိကြောင်း မြင်ရန် လိုအပ်သည် - ဂလ၊၆း၁၈။ ဟေဗြဲ၊၄း၁၆။

C. ဘုရားသခင်၏သားများအဖြစ် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ဝိညာဉ်ရှိ ကျွန်ုပ်တို့သခင်ဘုရား၏ ကျေးဇူးတော်ကို လက်ခံရရှိကာ မွေ့လျော်သူများဖြစ်ရမည် ဖြစ်သည် - ၂ကော၊၁၃း၁၄။ ဖိလေ ၂၅။

1. ခရစ်တော်ကို ကျေးဇူးတော်၏ဝိညာဉ်တော်အဖြစ် လက်ခံရရှိခြင်းမှာ တစ်သက်တာလုံး၊ စဉ်ဆက်မပြတ်ဖြစ်သော အကြောင်းအရာ ဖြစ်သည် - ယော၊၁း၁၆။ ဗျာ၊၂၂း၂၁။
2. တစ်နေ့ပြီးတစ်နေ့ အံ့သြဖွယ်သော ဘုရားဆိုင်ရာ ပို့လွှတ်ဖြန့်ဖြူးခြင်းသည် ဘုရားသခင်က ကျေးဇူးတော်၏ ဝိညာဉ်တော် ကြွယ်ဝစွာ မစခြင်းအဖြစ် ဖြစ်ပေါ်ခြင်း ရှိသင့်ပြီး၊ ကျွန်ုပ်တို့သည် ကျေးဇူးတော်၏ ဝိညာဉ်တော်ကို စဉ်ဆက်မပြတ် လက်ခံရရှိခြင်း ရှိသင့်ပါသည် - ဂလ၊၃း၂-၅။ ယော၊၃း၃၄။
3. ကျေးဇူးတော်၏ အရာအားလုံးပါဝင်သော အသက်ပေးသောဝိညာဉ်တော်၏ မစမှုကို လက်ခံရရှိရန်အလို့ငှာ ကျွန်ုပ်တို့ ကိုယ်ကို ဖွင့်ပေးရန်နည်းလမ်းမှာ ဆုတောင်းရန်နှင့် သခင်ဘုရားကို ခေါ်ရန် ကျွန်ုပ်တို့၏ ဝိညာဉ်ကို လေ့ကျင့်ခြင်းအား ဖြင့် ဖြစ်သည် - ၁သက်၊၅း၁၆-၁၈။ ရော၊၁၀း၁၂-၁၃။
4. ကျွန်ုပ်တို့သည် အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသည့် သုံးပါးတစ်ပါးဘုရားကို ကျွန်ုပ်တို့၏ ကျေးဇူးတော် အဖြစ် လက်ခံရယူကာ မွေ့လျော်ဝမ်းမြောက်သည်နှင့်အမျှ ကျွန်ုပ်တို့သည် တဖြည်းဖြည်း ကိုယ်တော်နှင့် အသက်ဆိုင် ရာ တစ်လုံးတစ်ဝ ဖြစ်လာကြလိမ့်မည်ဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ စေ့စပ်ထုံးဖွဲ့မှုဖြစ်လာကာ၊ ကျွန်ုပ်တို့ သည် ကိုယ်တော်၏ထင်ရှားခြင်း ဖြစ်လာလိမ့်မည်ဖြစ်သည် - ၂ကော၊၁း၁၂။ ၁၂း၉။

## III. "သို့သော်လည်း ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့်သာ ငါဖြစ်သည့်အတိုင်း ငါဖြစ်၏။ ငါခံရသော ကျေးဇူးတော်ကိုလည်း အကျိုးမဲ့ခံရသည် မဟုတ်။ ... ထိုသို့ဆိုသော်လည်း ငါကြိုးစားသည် မဟုတ်။ ငါနှင့်အတူရှိသော ဘုရားသခင်၏ ကျေးဇူးတော် သည် ကြိုးစားတော်မူ၏" - ၁ကော၊၁၅း၁၀။

A. ၁ကောရိန္သု ၁၅း၁၀ တွင် သုံးကြိမ်ဖော်ပြထားသည့် ကျေးဇူးတော်သည် အသက်ပေးသော ဝိညာဉ်တော်ဖြစ်လာသည့် ရှင် ပြန်ထမြောက်သော ခရစ်တော်ဖြစ်ပြီး (အငယ်၊၄၅)၊ ရှင်ပြန်ထမြောက်ခြင်း၌ အဆင့်ဆင့်ဖြတ်ကျော်သော သုံးပါးတစ်ပါး ဘုရားကို ကျွန်ုပ်တို့အထဲသို့ ကျွန်ုပ်တို့၏အသက်နှင့် အသက်မစရာအဖြစ် ခေါ်ဆောင်၍၊ ယင်းမှာ ကျွန်ုပ်တို့ကို ရှင်ပြန်ထ မြောက်ခြင်း၌ အသက်ရှင်နိုင်ရန် ဖြစ်သည်။

1. ကျေးဇူးတော်သည် ကျွန်ုပ်တို့ထံ အသက်နှင့် အရာခပ်သိမ်းဖြစ်လာသော သုံးပါးတစ်ပါးဘုရားဖြစ်သည် - ယော၊၁း၁၇။ ဂလ၊၂း၂၁။
2. ဤကျေးဇူးတော်အားဖြင့်သာ အပြစ်သားများမှ ထိပ်ဆုံးသောအပြစ်သားဖြစ်သည့် တာရှုမြို့သား ရှောလုသည် (၁တိ၊ ၁း၁၅-၁၆)၊ ထိပ်ဆုံးသော တမန်တော်ဖြစ်လာကာ၊ တမန်တော်များအားလုံးထက် သာလွန်ကြွယ်ဝစွာ အားထုတ်ကြိုး စားခဲ့ခြင်း ဖြစ်သည်။
3. ဤကျေးဇူးတော်အားဖြင့် ပေါလု၏အမှုတော်နှင့် အသက်ရှင်ခြင်းသည် ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းအဖို့ ငြင်း ပယ်မရနိုင်သော သက်သေခံချက် ဖြစ်သည် - ၂ကော၊၁း၁၂။ ၁၂း၉။

B. ၁ကောရိန္သု ၁၅း၁၀ ရှိ *ကျွန်ုပ်မဟုတ် ဘုရားသခင်၏ကျေးဇူးတော်* သည် ဂလာတိ ၂း၂၀ ၌ *ငါမဟုတ် ... ခရစ်တော်သာ* နှင့် တူညီသည်။ ဤအရာက ခရစ်တော်ကိုယ်တော်တိုင်သည် ဘုရားသခင်၏ ကျေးဇူးတော်ဖြစ်ကြောင်း - ဘုရားသခင်ကိုယ် တော်တိုင်သည် တမန်တော်မှတစ်ဆင့် လုပ်ဆောင်နေကြောင်း ပြသနေသည်။

1. တမန်တော်ပေါလုကို လှုံ့ဆော်ပေးသော၊ သူ၌ ပြုပြင်လုပ်ဆောင်ခဲ့သော ကျေးဇူးတော်သည် အကြောင်းကိစ္စတစ်ခုခု သို့မဟုတ် တစ်စုံတစ်ရာ မဟုတ်ဘဲ၊ အသက်ရှင်သောပုဂ္ဂိုလ်၊ ရှင်ပြန်ထမြောက်သောခရစ်တော် တည်းဟူသော အရာ အားလုံးပါဝင်သော အသက်ပေးသောဝိညာဉ်တော်ဖြစ်လာ၍၊ တမန်တော်၌ သူ၏အရာခပ်သိမ်းအဖြစ် ကိန်းဝပ်နေ သည့် ခမည်းတော်ဘုရား၏ ကိုယ်ထင်ရှားခြင်း ဖြစ်သည်။

2. ဤအရာက ဖိလိပ္ပိ ၄း၁၃ ရှိ ပေါလု၏ ကြွေးကြော်ချက်နှင့် ကိုက်ညီမှုရှိသည် - "ငါ့ကို ခွန်အားနှင့် ပြည့်စုံစေတော်မူသော ခရစ်တော်၌ ခပ်သိမ်းသော အမှုတို့ကို ငါတတ်စွမ်းနိုင်၏"။
   a. ဖိလိပ္ပိ ၄း၁၃ ရှိ *ခရစ်တော်* သည် အသက်ပေးသောဝိညာဉ်တော်ဖြစ်လာသည့် ရှင်ပြန်ထမြောက်သော ခရစ်တော်ကို ရည်ညွှန်းသည်။
   b. ထိုသို့သော ခရစ်တော်၌ ပေါလုသည် ခပ်သိမ်းသောအရာတို့ကို လုပ်ဆောင်ရန် ခွန်အားတန်ခိုး ဖြည့်ခြင်းခံရသည်။ ဤသည်မှာ ဘုရားသခင်၏ ကျေးဇူးတော်ဖြစ်သည်။

IV. "**ကျေးဇူးတော်၌လည်းကောင်း၊ ငါတို့သခင်နှင့် ကယ်တင်ရှင် ယေရှုခရစ်ကို သိကျွမ်းခြင်း၌လည်းကောင်း ကြီးထွားကြလော့**" - ၂ပေ၊၃း၁၈က။

A. ကျေးဇူးတော်သည် ကျွန်ုပ်တို့ထံသို့၊ ကျွန်ုပ်တို့၌ အသက်နှင့် အသက်မစရာဖြစ်သည့် သုံးပါးတစ်ပါးဘုရားဖြစ်သည်။ ကျေးဇူးတော်၌ ကြီးထွားခြင်းမှာ အသက်မစရာ၏ ဤအတွင်းပိုင်း အရင်းအမြစ်၌ ကြီးထွားခြင်း ဖြစ်သည် - ၁ပေ၊၅း၁၀။

B. ကျေးဇူးတော်သည် ဘုရားသခင်က လူ့ဇာတိခံခြင်း၊ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် တက်ကြွခြင်းတို့မှတစ်ဆင့် အဆင့်ဆင့် ဖြတ်ကျော်ခဲ့ခြင်းဖြစ်သည်။ ကျေးဇူးတော်၏ ဤဒြပ်သဘာဝများအားလုံးမှာ ကျွန်ုပ်တို့နှင့် တစ်လုံးတစ်ဝဖြစ်ရန် ကျွန်ုပ်တို့အတွင်း၌ ရှိနေသည် - ဖိ၊၄း၂၃။
   1. ကျေးဇူးတော်သည် ကျွန်ုပ်တို့နှင့် တစ်လုံးတစ်ဝဖြစ်ရန်၊ ကျွန်ုပ်တို့ကို ကယ်တင်ရန်၊ ကျွန်ုပ်တို့၌ ကိုယ်တော်၏အိမ်တော်ဆက်လုပ်နေထိုင်ရန်၊ ကျွန်ုပ်တို့၌ ပုံပေါ်လာရန် ကျွန်ုပ်တို့၏အသက်အဖြစ် ဘုရားသခင်ကိုယ်တော်တိုင် ဖြစ်သည်။ ကျေးဇူးတော်၌ ကြီးထွားခြင်းမှာ ဘုရားသခင်၏ တိုးပွားခြင်း၌ ကြီးထွားခြင်း ဖြစ်သည် - ကော၊၂း၁၉။
   2. ကျေးဇူးတော်သည် ကျွန်ုပ်တို့ထံ ဘုရားသခင်၏ လည်ပတ်ရောက်ရှိလာခြင်းဖြစ်ကာ၊ ကျွန်ုပ်တို့၌ နေထိုင်ရန်၊ ကျွန်ုပ်တို့နှင့်အတူ ကိုယ်တော်တိုင် တစ်လုံးတစ်ဝဖြစ်စေရန် ဖြစ်သည်။ ကျွန်ုပ်တို့သည် ယနေ့နှင့် ထာဝရကာလနေ့တိုင်အောင် ကိုယ်တော်၏ဘုန်းတော်အတွက် ထိုသို့သော ကျေးဇူးတော်၌ ကြီးထွားလာရန် လိုအပ်သည် - ဗျာ၊၂၂း၂၁။

*© 2022 Living Stream Ministry*